ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

(၂၀၂၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၇ ရက်)

နိဒါန်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ဗြိတိသျှကိုလိုနီခေတ်မှစ၍ ၁၈၉၉ ခုနှစ်၊ ရန်ကုန် ရဲအက်ဥပဒေ၊ ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံရဲအက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ရဲလက်စွဲများ ပါ ညွှန်ကြားချက်များအရ နိုင်ငံတကာ ရဲလုပ်ငန်း စံချိန် စံညွှန်းများနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါ သည်။ ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းချက်များသည် အဆိုပါ ရဲအက်ဥပဒေပြဋ္ဌာန်းချက်များတွင် ယေဘုယျအားဖြင့် အကျုံးဝင်ပြီး ဖြစ်သဖြင့် ထိုဥပဒေကို ဆက်လက် ကျင့်သုံးရန် မလိုအပ်သည့်အတွက်ကြောင့်လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များ ၏ နိုင်ငံသားဆိုင်ရာ မူလအခွင့်အရေးကို ဖိနှိပ်ချုပ်ချယ်ထားသော ပုဒ်မများ ပါဝင်နေ၍လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုကို မျက်နှာမမူ နိုင်ရန် အတားအဆီး ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ ယခုအချိန်အခါတွင် ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည် ဟူသော အဓိကကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာရန် လိုအပ်သည့် အတွက်ကြောင့်လည်းကောင်း ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟုခေါ်တွင် စေရမည်။

၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်း ထိန်းသိမ်းရေး ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၄/၁၉၉၅) ကို ဤ ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်